## (၁၇) ဆင်ခြေဖုံး SUBURBS

ကာလပ်တစ်ခု၏ အဖွဲ့သားငါးယောက်တို့၏ အမည်များမှာ ဆာဘီတန်အလင်း၊ တောဘဟန်၊ ရစ်ချ်မန့် နှင့် ဘလက်ဟာသ်တို့ဖြစ်ကြသည်။ ထူးဆန်းစွာပင် တစ်ဦးစီသည် အခြားအဖွဲ့ဝင်တစ်ယောက်၏အမည်နှင့်ဆင်တူသော ရပ်ကွက်တစ်ခုစီ၌နေထိုင်ကြသည်။ ထို့မှမကပါ တစ်ဦးစီသည် အခြားတစ်ယောက်၏ နာမည်နှင့်တူသော ဒုတိယရပ်ကွက်တစ်ခုစီ၌ အလုပ်လုပ်ကြသည်။ ၎င်းတို့သည် ရပ်ကွက်တစ်ခုတည်းတွင် နှစ်ယောက်နေထိုင်ခြင်း (သို့မဟုတ်) အလုပ်လုပ်ခြင်းမရှိပါ။

ဆာဘီတန်ရပ်ကွက်တွင်နေထိုင်သောသူက ရစ်ချ်မန့်ရပ်ကွက်တွင် အလုပ်လုပ်သည်။ မစ္စတာရစ်ချ်မန့်က ဘလက်ဟာသ်ရပ်ကွက်တွင် အလုပ်လုပ်သည်။

ဘလက်ဟာသ်တွင် နေထိုင်သူက ဆာဘီတန်ရပ်ကွက်တွင်နေထိုင်သောသူနှင့် နာမည်တူသောရပ်ကွက်တွင် အလုပ်လုပ်သည်။

မစ္စတာအာလင်းက ဘလက်ဟာသ်တွင် နေထိုင်သူ၏အမည်နှင့်တူသော ရပ်ကွက်တွင်အလုပ်လုပ်သည်။

မေး။ အာလင်းရပ်ကွက်တွင် မည်သူအလုပ်လုပ်နေသနည်း။?